# Crest IT Myanmar,Co.,Ltd အခြေခံမူဝါဒ

## အခန်း ( ၁ )  အထွေထွေပြဋ္ဌာန်းချက်

**( စီးပွားရေးအဖွဲ့အစည်း အမည် )**

အပိုဒ် ( ၁ )    ဤကုမ္ပဏီအား Crest IT Myanmar,Co.,Ltd ဟု ရည်ညွှန်းခေါ်ဆိုစေပါမည်။

**( ရည်ရွယ်ချက် )**

အပိုဒ် ( ၂ )    ဤကုမ္ပဏီသည် အောက်ပါလုပ်ငန်းရပ်များကို လုပ်ကိုင်ရန် ရည်ရွယ်ပါသည်။

( ၁ )  IT service
( ၂ )  CAD ဒီဇိုင်း
( ၃ )  အီလက်ထရောနစ်၊ သတင်းအချက်အလက်ဆိုင်ရာ ပစ္စည်းကိရိယာများကို ပြုလုပ်ခြင်း
( ၄ )  စက်ပစ္စည်းကိရိယာအစိတ်အပိုင်းများပြုလုပ်ခြင်း၊  အနုစိပ်အသေးစား စက်အစိတ်အပိုင်းများ၊ လျှပ်စစ်ပစ္စည်းအစိတ်ပိုင်းများ ထုတ်လုပ်ခြင်း
( ၅ )  သံထည်ပုံစံခွက် ( Mold) များ၊ Jig ဒီဇိုင်းပုံစံထုတ်လုပ်ခြင်းနှင့် ကုန်ချောအဆင့်ပြုလုပ်ခြင်း
( ၆ )  ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများထုတ်လုပ်ခြင်း
( ၇ )  စက်မှုထုတ်ကုန်ပစ္စည်းများ၊ အစားအသောက်ထုတ်ကုန်များ တင်ပို့တင်သွင်းခြင်းနှင့် ရောင်းချခြင်း
( ၈ )  ပစ္စည်းဟောင်းရောင်းဝယ်ခြင်း
( ၉ )  စက်မှုလုပ်ငန်းသုံး စက်ပစ္စည်း၊ ကိရိယာများ ထုတ်လုပ်တပ်ဆင်ရောင်းချခြင်း
( ၁၀ ) စီမံခန့်ခွဲမှုဆိုင်ရာ တိုင်ပင်ဆွေးနွေးခြင်း
( ၁၁ ) စားသောက်ဆိုင်လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲခြင်း၊ ဆိုင်ဖွင့်ခြင်း
( ၁၂ ) အထက်ဖော်ပြပါလုပ်ငန်းများနှင့်တိုက်ရိုက် သို့မဟုတ် ဆက်စပ်မှုရှိသော စီးပွားရေးလုပ်ငန်းများအားလုံး

(ကုမ္ပဏီတည်နေရာ)

အပိုဒ်( ၃ )   ကုမ္ပဏီ၏ပင်မရုံးချုပ်ကို အမှတ် ၂၂၇/၂၂၉  ဒုတိယထပ် ၊ဆိပ်ကမ်းသာလမ်း( အလယ်ဘလောက် )၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်၊ မြန်မာ တွင်တည်ထားပါသည်။

**( အများပြည်သူသိရှိစေရန်အသိပေးကြေငြာမှု )**

အပိုဒ် ( ၄ )    ကုမ္ပဏီမှအများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေငြာမှုများကို ဌာနဆိုင်ရာမှ တရားဝင်ထည့်သွင်း ဖော်ပြ ဖော်ပြပါမည် ။

## အခန်း ( ၂ ) အစုရှယ်ယာ

**( အစုရှယ်ယာပြုလုပ်နိုင်သည့် စုစုပေါင်းအရေအတွက် )**

အပိုဒ် (၅) ကုမ္ပဏီ၏အစုရှယ်ယာအရေအတွက်အား ၃၀၀ သတ်မှတ်မည် ။

**( အစုရှယ်ယာဝေစုလက်မှတ် ထုတ်လုပ်မှုမရှိခြင်း)**

အပိုဒ် ( ၆ ) အစုရှယ်ယာဝေစုလက်မှတ်ကို ထုတ်လုပ်မည်မဟုတ်။

**( အစုရှယ်ယာလွှဲပြောင်းမှုကန့်သတ်ချက် )**

အပိုဒ် ( ၇ ) ကုမ္ပဏီ၏အစုရှယ်ယာလွှဲပြောင်းရယူမှုမှာ ကုမ္ပဏီ၏ခွင့်ပြုချက်လိုအပ်ပါသည်။

**( အစုရှယ်ယာရှင် အမည်ပေါက်စာရင်းပြောင်းလဲခြင်း )**

အပိုဒ် (၈ ) ( ၁ ) ကုမ္ပဏီ၏ အစုရှယ်ယာ အမည်ပေါက်စာရင်းကို ပြောင်းလဲလိုပါက သတ်မှတ်ထားသောလျှောက်လွှာတွင် အစုရှယ်ယာပိုင်ရှင်နှင့် အစုရှယ်ယာ ခံစားရယူလိုသူမှ လက်မှတ်ရေးထိုးမှတ်တမ်းတင်ကာ တင်ပြရမည်။

( ၂ ) လက်လွှဲလက်ပြောင်းအပြင် တခြားကိစ္စရပ်များဖြင့် အစုရှယ်ယာ ရယူမည်ဆိုပါက ထိုအကြောင်းအရာကို သက်သေအထောက်အထားများဖြင့် တင်ပြရမည်။

**( အစုရှယ်ယာပေါင်နှံခြင်းအား မှတ်ပုံတင်ခြင်းနှင့် ရှယ်ယာနှင့်အခြားပိုင်းဆိုင်မှုစာရင်း ဖော်ပြခြင်း)**

အပိုဒ် ( ၉ ) ( ၁ ) ကုမ္ပဏီ၏အစုရှယ်ယာကို ပေါင်နှံခြင်းအားမှတ်ပုံတင်ခြင်းနှင့် ရှယ်ယာနှင့်တကွအခြားပိုင်ဆိုင်မှုစာရင်းတို့ကိုတင်ပြရန်အတွက်သတ်မှတ်ထားသော လျှောက်လွှာ ပုံစံ၌ သက်ဆိုင်ရာအစုရှယ်ယာရှင်မှ အမည်၊ လက်မှတ်ရေးထိုးပုံစံဖြည့်၍မှတ်ပုံတင်ပြီးကုမ္ပဏီသို့ တင်ပြလျှောက်ထားရန်လို အပ်ပါသည်။

( ၂ ) မှတ်ပုံတင်ခြင်း သို့မဟုတ် ပိုင်ဆိုင်မှုတင်ပြခြင်းဆိုင်ရာအပြောင်းအလဲ ပြုလုပ်ခြင်းနှင့် ဖျက်သိမ်းခြင်းတို့တွင်လည်း အထက်ပါအတိုင်း ပုံစံတူလုပ်ဆောင်ရန်လိုအပ်ပါသည်။

**( ဝန်ဆောင်ခ )**

အပိုဒ် (၁၀) အထက်ပါ အပိုဒ်၂ ခုတွင်ပြဌာန်းထားသော လျှောက်ထားချက်တောင်းခံရာတွင် သတ်မှတ်ထားသော ဝန်ဆောင်ခကိုပေးဆောင်ရပါမည်။

**( အစုရှယ်ယာရှင်အဖြစ်ခန့်အပ်ခြင်း )**

အပိုဒ် ( ၁၁ ) ( ၁ ) ဘဏ္ဍာရေးနှစ်တစ်ခု၏ နောက်ဆုံးနှစ်ကုန်ရက်ရှိ နောက်ဆုံးအစုရှယ်ယာရှင်စာရင်းတွင် ထည့်သွင်းဖော်ပြထားခံရသော လုပ်ပိုင်ခွင့်ရှိသောအစုရှယ်ယာရှင်များအား ထိုဘဏ္ဍာရေးနှစ်၏နှစ်စဉ်အစုရှယ်ယာရှင် အစည်းအဝေး၌ အခွင့်အာဏာရှိသောအစုရှယ်ယာရှင်အဖြစ်ခန့်အပ်မည်။

( ၂ )အထက်ဖော်ပြပါအပိုဒ်အပြင်၊အစုရှယ်ယာရှင်သို့မဟုတ်မှတ်ပုံတင်အစုရှယ်ယာရှင်အနေနှင့် အခွင့်အာဏာရှိသောအစုရှယ်ယာရှင်အဖြစ်သတ်မှတ်ရန်အတွက်လိုအပ်လျှင်အဖွဲ့အစည်းအတွင်းကြိုတင်ကြေညာပြီး ရှယ်ယာရှင်အဖြစ်ခန့်အပ်သည့်နေ့အားသတ်မှတ်နိုင်သည်။

**( အစုရှယ်ယာဝင်တို့၏ အမည်လိပ်စာတင်ပြလျှောက်ထားခြင်း)**

အပိုဒ်( ၁၂)　　( ၁ ) အစုရှယ်ယာရှင် သို့မဟုတ် မှတ်ပုံတင်အစုရှယ်ယာရှင်သည် သတ်မှတ်ထားသောလျှောက်လွှာတွင် ၎င်း၏အမည်၊ လိပ်စာနှင့် တံဆိပ်တုံးထုကာ ကုမ္ပဏီသို့ အသိပေးပို့ဆောင်ရမည်။ နောနောက်ပိုင်းအပြောင်းအလဲရှိပါကလည်း အလားတူ ထပ်မံအသိပေးပို့ဆောင်ပေးရမည်။

(၂) လိပ်စာအပြောင်းအလဲမတင်ပြသူအား ထိုအပြောင်းအလဲကြောင့်တစ်စုံတစ်ရာပြဿနာ ဖြစ်ပွားခဲ့ပါက ကုမ္ပဏီမှတာဝန်ခံမည်မဟုတ်ပါ။

## အခန်း ( ၃ ) အစုရှယ်ယာဝင်အထွေထွေအစည်းအဝေး

**(ဖိတ်ကြားခေါ်ယူခြင်း)**

အပိုဒ်(၁၃)　　ကုမ္ပဏီမှသတ်မှတ်ထားသော အစုရှယ်ယာရှင်အထွေထွေအစည်းအဝေးမှာ ဘဏ္ဍာရေးနှစ်ကုန်နေ့မှစပြီး နောက် (၃)လအတွင်း ဖိတ်ခေါ်ကျင်းပပါမည် ။ အခြေအနေအရ လိုအပ်ခဲ့လျှင် အရေးပေါ်အစည်းအဝေးအားခေါ်ယူကျင်းပပါမည်။

**(သဘာပတိ)**

အပိုဒ် ( ၁၄ )　　( ၁ ) အစုရှယ်ယာရှင်အထွေထွေအစည်းအဝေးမှာကုမ္ပဏီ၏ ဉက္ကဋ္ဌမှသဘာပတိအဖြစ်ဆောင်ရွက်မည်။

( ၂ ) ကုမ္ပဏီဉက္ကဋ္ဌက အခက်အခဲတခုခုကြောင့် မတက်ရောက်နိုင်သည့်အခါတွင် ဒါရိုက်တာအဖွဲ့မှ သဘာပတိအဖြစ် ဆောင်ရွက်ပါမည်။

**( ဆုံးဖြတ်ချက်ချခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း)**

အပိုဒ် ( ၁၅)　　အစုရှယ်ယာဝင်များအထွေထွေအစည်းအဝေး လုပ်ထုံးလုပ်နည်းမှာ အက်ဉပဒေ သို့မဟုတ် ပြဌာန်းချက်တွင်ဖော်ပြထားသည့် ကိစ္စရပ်များမှလွဲ၍ တက်ရောက်လာသည့် ဆုံးဖြတ်ချက်ချပိုင်ခွင့်ရှိသော အစုရှယ်ယာရှင်များ၏ဆုံးဖြတ်ချက်အများစုအပေါ်အခြေခံ၍ဆုံးဖြတ်ပါမည်။

**( ဆုံးဖြတ်ချက်ချပိုင်ခွင့်ရှိသော ကိုယ်စားလှယ် )**

အပိုဒ် ( ၁၆ )　　( ၁ ) အစုရှယ်ယာဝင်သည် အခြားလုပ်ပိုင်ခွင့်ရှိသော အစုရှယ်ယာဝင်တစ်ဦးကိုကိုယ်စားလှယ်လွှဲကာ မိမိလုပ်ပိုင်ခွင့်ကို အပ်နှင်းပိုင်ခွင့်ရှိသည်။

( ၂ ) အစုရှယ်ယာဝင် သို့မဟုတ် ကိုယ်စားလှယ်သည် အစုရှယ်ယာဝင် အထွေထွေအစည်းအဝေး တိုင်းတွင် ကိုယ်စားလှယ်လုပ်ပိုင်ခွင့် အသိအမှတ်ပြုအထောက်အထားများကို ကုမ္ပဏီသို့တင်ပြလျှောက်ထားရန်လိုအပ်ပါသည်။

**( အစုရှယ်ယာဝင် အထွေထွေအစည်းအဝေးမှတ်တမ်း )**

အပိုဒ် (၁၇)　　အစုရှယ်ယာဝင်အထွေထွေအစည်းအဝေးပါအကြောင်းအရာ အချက်အလက်များ၊ အစည်းအဝေးရလဒ်နှင့်အခြားသော ဉပဒေအရသတ်မှတ်သည့် အကြောင်းအရာများ အစရှိသည်တို့ကို အစည်းအဝေးမှတ်တမ်းအဖြစ်သိမ်းဆည်းသွားမည်။

## အခန်း ( ၄ ) ဒါရိုက်တာအဖွဲ့

**( ဒါရိုက်တာအဖွဲ့ အရေအတွက် )**

အပိုဒ်( ၁၈ )    ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ကို ၁ဦး(သို့မဟုတ်) ၁ဦးနှင့်အထက်ထားရှိပါမည်။

**( ဒါရိုက်တာအဖွဲ့  ရွေးချယ်ပုံနည်းလမ်း )**

အပိုဒ်( ၁၉ )    ( ၁ ) ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ ကို အထွေထွေအစုရှယ်ယာဝင်အစည်းအဝေးမှာ ကုမ္ပဏီ၏ အစုရှယ်ယာရှင်များထဲမှ ရွေးချယ်ပါမည်။ သို့သော်ငြားလည်း လိုအပ်ပါကအစုရှယ်ယာရှင်မဟုတ်သောသူထဲမှလည်း ရွေးချယ်နိုင်သည်။

( ၂ )  ဒါရိုက်တာအဖွဲ့ ရွေးချယ်မှုသည် အစုရှယ်ယာဝင်များ၏ မဲပေးရွေးခြယ်မှုအပေါ် မူတည်ခြင်းမရှိပါ။

**( အမှုဆောင်အရာရှိချုပ် နှင့် ဥက္ကဌ )**

အပိုဒ် (၂၀)    ( ၁ ) ဤကုမ္ပဏီတွင် ဒါရိုက်တာအဖွဲ့ ၂ဦးနှင့်အထက်ရှိပါက မဲပေးရွေးချယ်ပြီး အမှုဆောင်အရာရှိချုပ် ၁ဦးသတ်မှတ်ပါမည်။

( ၂ )  ဒါရိုက်တာအဖွဲ့ဝင် ၂ဦးနှင့် အထက်ရှိပါကအမှုဆောင်အရာရှိချုပ်၊ ဒါရိုက်တာအဖွဲ့ဝင်၁ဦးသာရှိပါက ဥက္ကဌ ဟု သတ်မှတ်ပါမည်။

**( ဆုကြေးနှင့်အငြိမ်းစားအကျိုးခံစားခွင့်)**

အပိုဒ်( ၂၁ )    ဒါရိုက်တာအဖွဲ့ဝင်များ၏ရပိုင်ခွင့်ငွေ ၊ ဆုကြေး နှင့် အခြားသော အကျိုးခံစားခွင့်များကို ကုမ္ပဏီကရရှိနေသည့် အကျိုးအမြတ်ပေါ် မူတည်ပြီး အစုရှယ်ယာရှင် အထွေထွေအစည်းအဝေး၏ ဆုံးဖြတ်ချက်များအတိုင်း သတ်မှတ်မည်။

## အခန်း ( ၅ ) တွက်ချက်မှု

**( ဘဏ္ဍာရေးနှစ်ချုပ် )**

အပိုဒ် ( ၂၂ )    ကုမ္ပဏီ၏ဘဏ္ဍာရေးနှစ်ချုပ်နေ့သည် နှစ်စဉ် ၁၁လပိုင်း ၁ရက်နေ့မှစပြီး နောက်တစ်နှစ်၏၁၀လပိုင်း ၃၁ရက်နေ့အထိသတ်မှတ်မည်။

**( အမြတ်ဝေစုခွဲဝေခြင်း)**

အပိုဒ် (၂၃)    ( ၁ )  ကုမ္ပဏီ၏အမြတ်ဝေစုခွဲဝေခြင်းကို နှစ်စဉ်ဘဏ္ဍာရေးနှစ်ချုပ်နောက်ဆုံးနေ့တွင် လက်ရှိ အစုရှယ်ယာရှင်စာရင်းတွင်ပါဝင်သော အစုရှယ်ယာရှင်များနှင့် မှတ်ပုံတင်ထားသော အစုရှယ်ယာရှင်များကိုခွဲဝေပေးမည်။
( ၂ ) ခွဲဝေထားသော အစုရှယ်ယာများအား အပြည့်အဝ ပေးချေထားခြင်း မရှိပါက ရင်းနှီးမြှုပ်နှံမှု အပေါ် တွင် အတိုးရနိုင်မည်မဟုတ်ပါ။

( ၃) အမြတ်ဝေစုခွဲဝေပေးမှုမှာ ပေးဝေသောနေ့မှစပြီး ၃နှစ်ကျော်လွန်သွားပြီးနောက် ရယူခြင်းမရှိပါက ကုမ္ပဏီအနေဖြင့် ပေးချေမှု လွတ်ကင်းပိုင်ခွင့်ရှိသည်။

## အခန်း ( ၆ ) ဖြည့်စွက် စည်းမျဉ်း

**(သတ်မှတ်ချက်ပြင်ပ အကြောင်းအရာ)**

အပိုဒ် ( ၂၄ ) ဤပြဌာန်းချက်၏ သတ်မှတ်ချက်ပြင်ပ အကြောင်းအရာဆိုသည်မှာ ကုမ္ပဏီများဆိုင်ရာအက်ဥပဒေ၊ ကုမ္ပဏီများကလိုက်နာရမည့်အက်ဥပဒေနှင့် အခြားသောပြင်ဆင်ချက်ဆိုင်ရာဥပဒေများကို ရည်ညွှန်းဆိုလိုပါသည်။

※ နောက်ဆုံးပြုပြင်နေ့စွဲ နှစ် လ ရက်

ဤပြဌာန်းချက်မိတ္တူသည် မူရင်းနှင့် ကွဲပြားချက် မရှိပါ

နှစ် လ ရက်

အမှတ်၂၂၇/၂၂၉ ဒုတိယထပ် ၊ဆိပ်ကမ်းသာလမ်း( အလယ်ဘလောက် ) ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ မြန်မာ

Crest IT Myanmar Co., Ltd.

CEO AKABANE KAZUHIRO

# Crest IT Myamar Co., Ltd Basic Principles

## Session (1) General Rules

**(Name of Business Organization)**

Para (1) This company shall be called Crest IT Myanmar Co., Ltd.

**(Objective)**

Para(2) This company is intended to do the following enterprises.

- (i) IT service
- (ii) CAD design
- (iii) Making the appliances related to electronic and technical information.
- (iv) Making mechanical parts, producing micro-machinery parts, and electrical parts.
- (v) Iron pattern-shape (mold), making Jig design and the finishing touch.
- (vi) Manufacturing the Medical appliances.
- (vii) Export import and selling the industrial goods and food manufactures.
- (viii) Trading the second hand goods.
- (ix) Producing, installing and selling the industrial machinery parts and the appliances
- (x) A managerial consultation
- (xi) Managing the food industry and opening shop.
- (xii) All the businesses that is directly or indirectly related with the above enterprises.

**(Company Location)**

Para(3) The Head office of the company is at No. 227/229 2nd floor, Seikkanthar Street (Middle Block), Kyauktada Township, Yangon, Myanmar.

**(Public Announcement)**

Para (4) The company will do the official announcement to the public from department.

## Session (2) Share

**(The Total Quantity of Share)**

Para(5) The quantity of the company share will be limited to 300.

**(A Certifical of Share will not be Produced )**

Para (6) The certificate of share will not be produced.

**(Restriction on Transferring the Share)**

Para (7) In transferring the share, the permission of the company is needed.

**(Changing the Name of the Share - Holder)**

Para(8) (i) If someone wants to change the name from the company's share, the share-holder and the share-receiver must sign on the given application form and submit to the company.

(ii) In getting the share by transferring or other means, it must be submitted with an authenticated/validated documents.

**(Registering the Share-Mortgage and Mentioning the Share and Possession List)**

Para(9) (i) To register the share-mortgage and the share possession list, it must be submitted to the company with the name of the related share-holder and signed on the given application form.

(ii) In registration or in making and cancelling the changing on possession, it must be done as in above.

**(Service Charges)**

Para(10) The service charges will be charged to request the mentioned two paragraphs on the above.

**(Appointing as the Share - Holder)**

Para(11) (i) The share-holder who has the right to act and mentioned on the latest list of the share-holders in the last day of the financial year end will be appointed as the authorize share-holder at the conference of yearly share-holders.

(ii) Beside from the above paragraph, if the share-holder or registered share-holder need to be recognized as an authorize share-holder, it can be announced a head of time at the organization and mark the date of assign on that position.

Para (12) (i) The share-holder or the registered share-holder must inform and send the name, address and sealed on the given application form to the company. Later, if there is any changes, they must inform and send the form to the company.

(ii) To those who do not inform the changes the company will not be responsible for any problems arise.

## Session(3) The Share-Holders' General Meeting

**(Invitation)**

Para (13) The fix date of the share-holders' general meeting will be held within three months after the financial year ends. If needed according to the situation, we will call and hold an emergency meeting.

**(Chairman)**

Para (14) (i) At the share-holders' general meeting, the President of the company will conduct as the Chairman.

(ii) If the president of the company is absent for some reasons, the director team will conduct as a chairman.

**(Procedure on Decision Making)**

Para(15) The procedure of the share-holders' general meeting will be decided on the base of most share-holders' decisions who are authorize aside from the act or matters as mention in the rules.

**(The Delegate who can Make Decision)**

Para(16) (i) The share-holder can transfer the delegation authority to act on behalf to the other delegate who has the right.

(ii) The share-holder or the delegate need to submit the validate documents of the delegates right to the company at the every share-holders' general meeting.

**(Share-Holder's General Meeting Minute)**

Para (17) The facts of share-holders' general meeting the result of the meeting and other related facts by laws will be recorded as meeting minutes.

## Session(4) Board of Director

**(The Quantity of the Director Team)**

Para(18) The member of the Board can be one person or more than one person.

**(Way of electing the director team)**

Para(19) (i) The director team will be appointed from the share-holders in the share-holders' general meeting. But it can also be appointed from the non-share-holders if needed.

(ii) The election of the director team is not depend on the votes of the share-holders.

**(The CEO and the President)**

Para(20) (i) If the company has more than two Directors, one CEO can be designated by the vote.

(ii) If there are more than two persons in the director team, one is called the CEO. If there is only one person in the director team, he will be designated as a president.

**(Benefits of Bonus and Retirement)**

Para(21) The right income money, bonus and other advantages of the director team members will be depended on the benefits of the income of the company according to the decision made by the share-holders general meeting.

## Session (5) Calculation

**(Financial Year End)**

Para(22) The company's financial year end will be marked on every year from November 1st to October 31st the next year.

**(Sharing the Profit)**

Para(23) (i) The distribution of the company's profit will be shared to the share-holders and the registered share-holders who are currently on the list at the last day of the every financial year end.

(ii) If the share-holders do not fully subscribe for the shares to be alloted, they will not receive the interest on the investment.

(iii) On the distributing of the profits, the company will be exempted to settle the one's dues if not claim more than three years from the day of distribution.

## Session (6) Additional Rules

**(The Outside Recognize Matter)**

Para(24) The outside recognize matter in this session means the act of company the must follow laws of act by companies and other laws related amendments.

Latest Edited Date : Year Month Day

This rules of copy is not different from the original.

Year Month Day

No.227/229, 2nd Floor, Seikkanthar Street, (Middle), Kyauktada Township, Yangon, Myanmar.